အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့

# တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း

## (၂၀၁၈-၂၀၂၂)

## ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်

## (၂၀၁၉)

## ရည်မှန်းချက်

- ♦ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- ♦ တရားရုံးများအပေါ် ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တရားရုံး၏တန်ဖိုးများ

* သာတူညီမျှမှုနှင့် တရားမျှတမှု
* တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
* လက်လှမ်းမီနိုင်မှု
* မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

# မာတိကာ


| | |
|---|---|
| တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ဒုတိယနှစ်အစီအစဉ် (၂၀၁၉) | ၁ |
| အပိုင်း (၁) တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန် | ၂ |
| အပိုင်း (၂) အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန် | ၅ |
| အပိုင်း (၃) တရားစီရင်ရေး၏လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန် | ၇ |
| အပိုင်း(၄) တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုမြှင့်တင်ပေးရန် | ၁၃ |
| အပိုင်း(၅) ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် | ၂၁ |
| အတိုကောက်အခေါ်အဝေါ်များ | ၂၇ |

## တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၈-၂၀၂၂)

## ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူတိုင်းသို့ အရည်အသွေးမြင့်တရားမျှတမှုကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ဟူသော ရည်မှန်းချက်များဖြင့် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်းအရ နှစ်စဉ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၁၉- ခုနှစ်) ကို ရေးဆွဲထုတ်ပြန်လိုက်ပါသည်။

တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်-

* တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်
* အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်
* တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည် မြှင့်တင်ရန်
* တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်
* ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အထူးအရေးကြီးမဟာဗျူဟာအစီအစဉ်များကို ဦးစားပေးအဆင့် (၁) အဖြစ်လည်းကောင်း၊ ထိပ်တန်း ဦးစားပေးမဟာဗျူဟာအစီအစဉ်များကို ဦးစားပေးအဆင့် (၂) အဖြစ်လည်းကောင်း၊ အလယ်အလတ်အဆင့် ဦးစားပေးမဟာဗျူဟာအစီအစဉ်များကို ဦးစားပေးအဆင့် (၃) အဖြစ်လည်းကောင်း သတ်မှတ်ထားပါသည်။ ဦးစားပေးအဆင့် (၁) မဟာဗျူဟာအစီအစဉ်များကို ၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး၊ ဦးစားပေးအဆင့် (၂) မဟာဗျူဟာအစီအစဉ်များကို ယခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်တွင် ပထမနှစ်လုပ်ငန်းအစီအစဉ်များအဖြစ် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုကို စတင်ခဲ့ရာ တစ်နိုင်ငံလုံးတွင် တရားရုံး (၂၆) ရုံးကို ရွေးချယ်၍ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးစေခဲ့ပါသည်။ အဆိုပါ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးသည့် တရားရုံးများတွင် ခေတ်မီအမှုလက်ခံဌာနများနှင့် သတင်းအချက်အလက်ရယူရန် ဌာနများကို တည်ထောင်ပေးခဲ့ပြီး အများပြည်သူအတွက် အဆင်ပြေချောမွေ့လွယ်ကူစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ထိရောက်သော ဥပဒေအထောက်အကူပြုစနစ် ပေါ်ထွန်းရေးအတွက် ကူညီပံ့ပိုးပေးခြင်း၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းများပေးခြင်း၊ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ခြင်း၊ တရားသူကြီးများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရေးအတွက် သင်တန်းများပေးခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ရေးအတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုထုတ်ဝေခြင်း စသည်တို့ကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့် မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် စတင်မည့်လုပ်ငန်းအစီအစဉ်များကို အတိအကျ သတ်မှတ်အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း ဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ဤဒုတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်တွင် အောက်ပါလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ရန် ရည်ရွယ်ပါသည်-

- ♦ မှုခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးသည့် တရားရုံးများတိုးချဲ့ထူထောင်ခြင်း
- ♦ တရားရေးသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းကို အဆင့်မြှင့်တင်ခြင်း
- ♦ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြန်ဖြေရေးစနစ်ကို ရှေ့ပြေးအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း
- ♦ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်နှင့် ပတ်သက်၍ ရှင်းလင်းချက်များ ထုတ်ပြန်ခြင်း
- ♦ ကျား/မ ခွဲခြား၍ ကျူးလွန်သည့်အမှုများအခင်းများကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ခြင်း
- ♦ ကူးသန်းရောင်းဝယ်မှုဆိုင်ရာဥပဒေများအတွက် စာအုပ်ထုတ်ပြန်ခြင်း

၂၀၁၉ ခုနှစ်လုပ်ငန်းအစီအစဉ်သည် ၂၀၁၈-၂၀၂၂ ခုနှစ် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ပြည်သူလူထုက ယုံကြည်ကိုးစားသည့် လွတ်လပ်သောတရားစီရင်ရေးစနစ် ခိုင်မာအားကောင်းလာစေရန်အတွက် တရားစီရင်ရေးကဏ္ဍ၏ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့် တန်ဖိုးများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။ မဟာဗျူဟာလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် တရားစီရင်ရေးကဏ္ဍနှင့် အကျိုးသက်ဆိုင်သူများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများမှာလည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်းကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိအမှတ်ပြုပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် တရားစီရင်ရေးနှင့် ဆက်နွယ်သူအားလုံး၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁ - တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၁ ထိရောက်သော ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးစနစ်တည်ထောင်ရန်** | ၁.၁.၁ နိုင်ငံတစ်ဝှမ်းတွင် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးစနစ် တစ်ရပ်ကို စီမံဆောင်ရွက်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အား ကူညီဆောင်ရွက်ပေးခြင်း | ▪ ဒေသဆိုင်ရာ ဥပဒေအထောက်အကူပြုအဖွဲ့များ တည်ထောင်ရာတွင် လိုအပ်သော အကူအညီများပေးခြင်း<br>▪ ဥပဒေအထောက်အကူပြုအဖွဲ့များ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဆင်ပြေချောမွေ့အောင် ကူညီခြင်း | ဦးစားပေး အဆင့် ၁ | LIDP + IT&PRDP + HCs+ DCs +TCs | အချိန်မီပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၂ တရားရုံးအသုံးပြုသူများ လက်လှမ်းမီနိုင်မှု တိုးတက်စေရန်** | ၁.၂.၁ တရားရုံးများတွင် ခေတ်မီ အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ကောင်တာများနှင့် အမှုလက်ခံ ဌာနများ တည်ထောင်ခြင်း | ▪ ၂၀၁၈ ခုနှစ်တွင် CMP အရ သတ်မှတ်ထားသော တရားရုံး (၂၆) ရုံးရှိ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်း<br>▪ တိုးချဲ့သတ်မှတ်သည့် CMP တရားရုံးများတွင် သတင်း အချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများ တည်ထောင်ခြင်း<br>▪ CMP တရားရုံးများတွင် အချက်အလက်ကောင်တာများနှင့် အမှု လက်ခံဌာနများတည်ထောင်ရာ၌ နည်းပညာ အကူအညီ ပေးခြင်း | ဦးစားပေး အဆင့် ၁ | BLDP + HCs<br><br>PRLM (1st Quart) | တည်ထောင်ပြီး အရေအတွက် + တရားရုံး အသုံးပြုသူများ၏ စိတ်ကျေနပ်မှု |
| | ၁.၂.၂ အများပြည်သူအတွက် နည်းပညာသုံးမှုခင်းသတင်း အချက်အလက်စနစ် ဆောင်ရွက်ခြင်း | ▪ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှုခင်းသတင်းအချက် အလက်များကို ကိုယ်တိုင် ရှာဖွေနိုင်သော touch screen display များ တပ်ဆင်ခြင်း<br>▪ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် နေ့စဉ်အမှုခေါ်စာရင်း နှင့် စီရင်ချက်ချမှတ်မည့် အမှုစာရင်းများ ပြသသည့် LEDTV စနစ် အဆင့်မြှင့်တင်ခြင်း | ဦးစားပေး အဆင့် ၁ | BLDP + IT&PRDP + IPs | အချိန်မီ ပြီးစီးမှု |

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁ - တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၃ တရားရုံးသို့လာရောက်သူများအား ယဉ်ကျေးလိုက်လျော လေးစားစွာ ဆက်ဆံရန်** | ၁.၃.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်း ဆက်လက်ပေးခြင်း | ▪ တရားရုံးဝန်ဆောင်မှုသင်တန်းအတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲခြင်း<br>▪ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်သင်တန်းဆရာများနှင့် ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများကို တရားရုံး အသုံးပြုသူများ ဝန်ဆောင်မှုအတွက် ဆရာဖြစ် လေ့ကျင့်ပေးခြင်း<br>▪ တရားရုံးအသုံးပြုသူများ ဝန်ဆောင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းကို တရားရေးအရာရှိပုံမှန်သင်တန်းများတွင် သင်ရိုးညွှန်းတမ်းအဖြစ် ပေါင်းစည်းနိုင်အောင် ကူညီပံ့ပိုး ပေးခြင်း | ဦးစားပေး အဆင့် ၁ | CMC + TDP + All Courts + PRLM (2$^{nd}$ Quart.) | သင်တန်းပေးပြီး အရေ အတွက် + သင်တန်း တက်ရောက်သူများ၏ သုံးသပ်ချက် + တရားရုံး အသုံးပြုသူများ၏ ကျေနပ်မှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၄ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေး အတွက် တရားရုံးအဆောက်အဦ အသစ်များ ဆောက်လုပ်ရန်နှင့် လက်ရှိအဆောက် အဦများအား ပြုပြင် မွမ်းမံရန်** | ၁.၄.၁ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေးအတွက် အခြေခံစံထားရှိသင့်သည့် ပုံစံသတ်မှတ်ခြင်း | ▪ တရားရုံးအဆင့်အသီးသီးအတွက် အခြေခံစံသတ်မှတ် ဒီဇိုင်းပုံစံများ ရေးဆွဲ ဖြန့်ဝေခြင်း<br>▪ တရားရုံးအဆင့်အသီးသီးအား အခြေခံစံသတ်မှတ်ဒီဇိုင်း ပုံစံများနှင့် အညီတည်ဆောက်ခြင်း<br>▪ CMP အရ သတ်မှတ်ထားသော တရားရုံးများတွင် ရုံး အဆောက်အဦသစ်ဒီဇိုင်းများ ရေးဆွဲရာ၌ နည်းပညာ အကူအညီများပေးခြင်း | ဦးစားပေး အဆင့် ၁ | BLDP +<br><br>PRLM (3$^{rd}$ Quart) | အချိန်မီပြီးစီးမှု |

# ဒုတိယနှစ်လုပ်ငန်းအစီအစဉ်
## ၂၀၁၉

မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၁ - တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၁.၄ တရားရုံးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု တိုးတက်စေရေး အတွက် တရားရုံးအဆောက်အဦ အသစ်များ ဆောက်လုပ်ရန်နှင့်လက်ရှိအဆောက်အဦများအား ပြုပြင်မွမ်းမံရန် | ၁.၄.၂ တရားရုံးတွင် ပြည့်စုံလုံလောက်မှုနှင့် စိတ်ချရမှုတို့ကို ရရှိခံစားနိုင်စေရန် တရားရုံး အထောက်အပံ့ပစ္စည်းများ ခေတ်မီအောင်ဆောင်ရွက်ခြင်း | ▪ ၂၀၁၈ ခုနှစ် လုပ်ငန်းအစီအစဉ်အရ တည်ထောင်ထားသော CMP တရားရုံး (၂၆) ရုံးတွင် အများပြည်သူ သတင်းအချက်အလက် လက်လှမ်းမီရေးအတွက် ကွန်ပျူတာ မော်နီတာများ တပ်ဆင်ပေးခြင်း နှင့် Printer Ink Cartridges များ ထောက်ပံ့ခြင်း<br>▪ ကလေးသူငယ်အမှုများအတွက် အင်တာဗျူးအခန်းများ တည်ထောင်ထားသည့် တရားရုံးများတွင် ကလေးသူငယ် အခွင့်အရေးများနှင့်အညီ စစ်ဆေးနိုင်ရန် တရားသူကြီးများ နှင့် တရားရုံးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း<br>▪ ကလေးသူငယ်စစ်ဆေးသည့် အခန်းများတိုးချဲ့တည်ထောင်ရေးအတွက် ဖြစ်နိုင်သည့်အလားအလာများ ရှာဖွေခြင်း<br>▪ တရားရုံးအဆောက်အဦသစ်များတွင် တရားရုံးအင်္ဂါရပ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်းနှင့် လိုအပ်သောအထောက်အပံ့ပစ္စည်းများ ပံ့ပိုးပေးခြင်း<br>▪ မြို့နယ်တရားရုံးများသို့ ကွန်ပျူတာစက်အစုံများ ထောက်ပံ့ပေးခြင်း | ဦးစားပေး အဆင့် ၁ | BLDP + HCs + PRLM (1st Quart)<br><br>DCs + UNICEF + UNICEFWG<br><br>BLDP + IT&PRDP | ဆောင်ရွက်ပြီး အရေအတွက် |

**မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၂ - အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်**

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၁ သတင်းမီဒီယာ၊ အများ ပြည်သူတို့နှင့် ဆက်ဆံပြောဆိုမှု တိုးတက်စေရန်** | ၂.၁.၁ တရားသူကြီးများကို မီဒီယာဆက်ဆံရေး ကျွမ်းကျင်မှု သင်တန်းပေးခြင်း | • တရားရုံးသတင်းပြန်ကြားရေး အရာရှိအသစ်များအား မီဒီယာ ကျွမ်းကျင်မှုသင်တန်းပေးခြင်းနှင့် နည်းပညာအထောက်အပံ့ပေးခြင်း | ဦးစားပေး အဆင့် ၁ | IT&PRDP+ HCs+ All Courts+ PRLM ($2^{nd}$ Quart) | သင်တန်းပေးပြီး အရေအတွက်+ စမ်းသပ်စစ်ဆေးမှုများ |
| | ၂.၁.၂ တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုများ တိုးတက်စေခြင်း | • အများပြည်သူ စိတ်ဝင်စားသည့် မှုခင်းများနှင့် ထူးခြားမှုခင်းများ၏ တိကျသော သတင်းအချက်အလက်များကို သတင်းမီဒီယာသို့ ထုတ်ပြန်ပေးခြင်း<br>• သတင်းမီဒီယာများနှင့် အခါအားလျော်စွာ ထိတွေ့ဆက်ဆံခြင်း | ဦးစားပေး အဆင့် ၁ | IT&PRDP+ All Courts | ပြည်သူများ၏ စိတ်ကျေနပ်မှု+ ထိတွေ့ဆက်ဆံမှု အရေအတွက် |
| | ၂.၁.၃ အများပြည်သူဆိုင်ရာ သတင်းအချက်အလက်အစီအစဉ် တိုးချဲ့ဆောင်ရွက်ခြင်း | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက် စာမျက်နှာကို ဒီဇိုင်းပုံစံများ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များတိုးမြှင့် လွှင့်တင်ခြင်း<br>• USC ၏ Website အား Web Portal အသွင်ကူးပြောင်းနိုင်ရေးအတွက် Upgrade ပြုလုပ်ခြင်း<br>• အာဆီယံတရားရေးအင်တာနက်ပေါ်တယ်၌ မြန်မာနိုင်ငံတရားစီရင်ရေးစနစ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ တိုးမြှင့်လွှင့်တင်ခြင်း<br>• HCs များ၏ Website များရေးဆွဲ လွှင့်တင်ခြင်း<br>• ကလေးသူငယ်စွပ်စွဲခံရသူများ၊ ထိခိုက်နစ်နာသူများနှင့် သက်သေများ ကို တရားခွင်နှင့်သက်ဆိုင်သော ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း<br>• တရားရေးဂျာနယ်နှင့် နှစ်စဉ်စီရင်ထုံးများ ထုတ်ဝေခြင်း<br>• ၂၀၁၈ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း | ဦးစားပေး အဆင့် ၁ | IT&PRDP+ LPDP+ CART+ UNICEF-WG<br>ASEAN Js<br>UNICEF<br>FCA+ UNDP | တိုးတက်မှုအဆင့်နှင့် အချိန်မီပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၂ - အများပြည်သူ၏ အသိအမြင်ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၂ တရားရုံးသတင်း အချက်အလက်ဆိုင်ရာ ရပ်ရွာအခြေပြု အစီအစဉ်များ မြှင့်တင် ဆောင်ရွက်ရန်** | ၂.၂.၁ အများပြည်သူ အထောက်အကူပြု အစီအစဉ် များ ဆောင်ရွက်ခြင်း | • အများပြည်သူ အထောက်အကူပြုအစီအစဉ်များ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် လမ်းညွှန်ချက်များ ပြုစုခြင်း<br>• CMP Trainers များနှင့် CMP Coordinators များသို့ အထောက်အကူပြုအစီအစဉ် လမ်းညွှန်ချက်သင်တန်းများ ပေးခြင်း<br>• အများပြည်သူ အထောက်အကူပြုအစီအစဉ်များအတွက် နည်းပညာနှင့် ဘဏ္ဍာရေးအထောက်အပံ့များပေးခြင်း<br>• တရားရုံးအားလုံးတွင် အထောက်အကူပြု အစီအစဉ် အမျိုးမျိုး ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | CRC+ IT&PRDP+ ADP<br>PRLM ($2^{nd}$ Quart)<br><br>All Courts | အများပြည်သူ စိတ်ကျေနပ်မှု+<br>အစီအစဉ် အရေအတွက် |
| | ၂.၂.၂ မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်အပေါ် အများပြည်သူ အသိအမြင် တိုးမြှင့်ပေးသည့် အစီအစဉ်များ ဆောင်ရွက်ခြင်း | • မြန်မာတရားသူကြီးများအတွက် တရားစီရင်ရေး ကျင့်ဝတ်အား အများပြည်သူသို့ အသိပညာပေးခြင်း | ဦးစားပေး အဆင့် ၁ | All Courts<br>DP | လုပ်ဆောင်မှု အကြိမ် အရေအတွက် |
| | ၂.၂.၃ တရားရုံး သတင်း အချက်အလက်များကို တိုင်းရင်းသား ဘာသာစကား များဖြင့် ဆောင်ရွက်ပေးခြင်း | • တရားရုံးသတင်းအချက်အလက်များ အများပြည်သူ လက်လှမ်းမီရေး တိုးမြှင့်ဆောင်ရွက်ခြင်း<br>• တရားရုံးသတင်းအချက်အလက် လက်ကမ်းစာစောင်များ ကို ကချင်၊ ကယား၊ ကရင် ၊ မွန်၊ ရခိုင် ၊ ရှမ်း စသည့် တိုင်းရင်းသား ဘာသာစကားများဖြင့် ဖြန့်ဝေပေးခြင်း | ဦးစားပေး အဆင့် ၁ | IT&PRDP+ HCs+ MJ ($1^{st}$ Quarter) | ဖြန့်ဝေမှုအရေအတွက် |

**မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်**

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁ တရားစီရင်ရေးကို ခိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်း တစ်ရပ်အဖြစ် တိုးမြှင့် ဖော်ဆောင်ရန်** | ၃.၁.၁ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၏ လက်ရှိအနေအထားကို ဆန်းစစ်အကဲဖြတ်ခြင်း | ★ တရားစီရင်ရေး ပိုမိုခိုင်မာလာစေရန် အကြံပြုချက်များ ရရှိရေးအတွက် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ ကျင့်သုံးမှုများအပေါ် အကဲဖြတ်ခြင်း<br>★ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် တာဝန်ခံယူနိုင်မှုတို့ကို ပေါ်လွင်စေသည့် အချက်အလက်များ ကောက်ယူခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP+<br>DPWG+<br>DP | အချိန်မီပြီးစီးမှု |
| | ၃.၁.၂ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့် တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ်ပေါ်စေရန် အခြားသော မဏ္ဍိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ★ တရားစီရင်ရေးနှင့် အကျိုးသက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများအား တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးရန် တွေ့ဆုံခြင်း<br>★ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုအဆင့်အတန်းနှင့် ပတ်သက်၍ အစိုးရဌာနများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိ နှိုင်းခြင်း<br>★ လွတ်လပ်သောတရားစီရင်ရေးလုပ်ငန်းများကို မြှင့်တင်ခြင်း<br>★ ရေးဆွဲဆဲ ကလေးသူငယ်နည်းဥပဒေတွင် ကလေးသူငယ် အခွင့်အရေးများပြည့်စုံစွာထည့်သွင်းရေးဆွဲခြင်းနှင့် တရားရေးနှင့်ဆိုင်သည့် အဖွဲ့အစည်းများကြား အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း<br>★ ကလေးသူငယ်များအတွက် တရားမျှတရေးဆိုင်ရာ ဦးစားပေး အစီအစဉ်များနှင့် သက်ဆိုင်သော အမျိုးသားအဆင့် မူဝါဒမူဘောင်ဖော်ဆောင်နိုင်ရန် ဆန်းစစ်ခြင်း | ဦးစားပေး အဆင့် ၁ | USC+ Gov"t Stakeholders+ CSOs+ HCs IDEA<br><br>UNICEF | တွေ့ဆုံမှု အရေအတွက်<br>+<br>အကျိုးသက်ဆိုင်သူများ၏ သဘောထားအမြင်<br>+<br>အလုပ်ရုံဆွေးနွေးပွဲ ရလဒ် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူ များ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၁ တရားစီရင်ရေးကို နိုင်မာ၍ ယုံကြည်ထိုက်သော လွတ်လပ်သည့် အဖွဲ့အစည်း တစ်ရပ်အဖြစ် တိုးမြှင့်ဖော် ဆောင်ရန်** | ၃.၁.၂ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပြီး လွတ်လပ်သည့် တရားစီရင်ရေးအဖြစ် တိုးတက်ဖြစ်ပေါ်စေရန် အခြားသော မဏ္ဍိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ★ အရည်အသွေးမြင့်တရားမျှတမှုကို ကလေးသူငယ်များ လက်လှမ်းမီနိုင်ရန် ဆက်စပ်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း<br>★ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် လိင်ခွဲခြား အကြမ်းဖက်မှုများကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် အခြားတရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် USC အား ပံ့ပိုးကူညီခြင်း | ဦးစားပေး အဆင့် ၁ | UNICEF<br><br>UNODC | တွေ့ဆုံမှု အရေအတွက် + အကျိုးသက်ဆိုင်သူများ၏ သဘောထားအမြင် + အလုပ်ရုံဆွေးနွေးပွဲ ရလဒ် |
| | ၃.၁.၃ အပြည်ပြည်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ★ အာဆီယံတရားသူကြီးချုပ်များကောင်စီ၊ အခြားသော တရားရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း | ဦးစားပေး အဆင့် ၁ | USC+ IR&RDP<br>IJIs+ IPs | တွေ့ဆုံဆွေးနွေးမှုများ၏ ရလဒ် |
| | ၃.၁.၄ တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေမူကြမ်း၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့်အခြား ဌာနဆိုင်ရာများသို့ သင့်လျော်သလို အကြံပြုချက်များပေးခြင်း | ★ ရေးဆွဲပြီးသော လူမွဲခံယူခြင်းဆိုင်ရာဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခြင်း<br>★ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကို အကောင်အထည်ဖော်နိုင်ရေး အတွက် နည်းဥပဒေရေးဆွဲခြင်း<br>★ ကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေတို့အရ စီမံဆောင်ရွက်နိုင်ရေးနှင့် လေ့ကျင့်သင်တန်းများပေးနိုင်ရေး အတွက် လက်တွေ့ ကျင့်သုံးမှုဆိုင်ရာ မှတ်တမ်းများပြုစုခြင်း<br>★ ဒီဂျစ်တယ်သက်သေခံချက်တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ ပြုစုခြင်း<br>★ အခြားဌာနဆိုင်ရာများသို့ ဥပဒေမူကြမ်းများနှင့် ဥပဒေ ပြင်ဆင်ချက်များအတွက် ထောက်ခံအကြံပြုချက်များပေးခြင်း | ဦးစားပေး အဆင့် ၁ | LPDP+ WG I + ILDC+ ILWG+ ADB<br><br>JICA | နည်းဥပဒေ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်မှုနှင့် အချိန်မီပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၂ တရားရုံးဘတ်ဂျက်ကို ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုဖြင့် အဆိုပြုရန်၊ ထောက်ခံတင်ပြရန်နှင့် စီမံခန့်ခွဲရန်** | ၃.၂.၁ ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ သတ်မှတ်၍ ပေါင်းစည်းထားသည့် မဟာဗျူဟာ စီမံကိန်းလုပ်ငန်းစဉ်များကို သုံးသပ်ခြင်း | ★ လက်ရှိမဟာဗျူဟာစီမံကိန်း လုပ်ငန်းစဉ်များနှင့် ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ ညီညွတ်မှုအပေါ် လက်တွေ့ကျကျ အကဲဖြတ်ဆန်းစစ်ခြင်း<br>★ မဟာဗျူဟာစီမံကိန်း လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရန် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲပြင်ဆင်ခြင်း နှင့် ရှင်းလင်းချက်ပေးခြင်း<br>★ မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ဘတ်ဂျက်ကို ဦးစားပေးအစီအစဉ်အတိုင်း ခွဲဝေပေးခြင်း<br>★ ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့် အသေးစိတ်ရေးဆွဲခြင်းများတွင် နည်းပညာအကူအညီများပေးခြင်း | ဦးစားပေး အဆင့် ၁ | SPIC+ BLDP<br><br>PRLM ($2^{nd}$ Quarter) | မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျက်ဦးစားပေးအစီအစဉ်တို့ တိုက်ရိုက်ချိတ်ဆက်နိုင်မှု |
| | ၃.၂.၂ တရားရုံးဘတ်ဂျက်ကို စီမံခန့်ခွဲရန် တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ စွမ်းရည် တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်း | ★ ဘတ်ဂျက် Database Program ကို ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်များချမှတ်ရာတွင် နည်းပညာအကူအညီ များပေးခြင်း<br>★ USC နှင့် HCs များတွင် Budget Database Guidelines ဆိုင်ရာ သင်တန်းများပေးခြင်း | ဦးစားပေး အဆင့် ၁ | BLDP+ HCs<br>PRLM<br>($2^{nd}$ Quarter) | ဘတ်ဂျက်ရေးဆွဲခြင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်တန်းအရေအတွက် |

မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| မဟာဗျူဟာ ရည်မှန်းချက် ၃.၃ တရားစီရင်ရေးအတွက် ထိရောက်အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ မြှင့်တင် ပေးရန် | ၃.၃.၁ တရားစီရင်ရေးတစ်ရပ်လုံး၏ IT Master Plan အရ ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ★ Common Judicial Database Layerကို စတင်ဆောင်ရွက်ခြင်း<br>★ USC တွင် Surver Room ကို Mini Data Center အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း<br>★ USC တွင် Network Infrastructure များအား Smart & Secure ဖြစ်စေရန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း<br>★ HC များအနက်မှ Pilot အဖြစ် ရွေးချယ်၍ Network Infrastructure များတည်ဆောက်ခြင်း<br>★ Cyber လုံခြုံမှုအတွက် အစီအစဉ်ချမှတ်အကောင်အထည်ဖော်ခြင်း<br>★ တရားဝင် OS များ၊ Software များ အသုံးပြုရန် ပံ့ပိုးပေးခြင်း<br>★ ကိုယ်ပိုင် Mail System တည်ထောင်အသုံးပြုခြင်း<br>★ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကွန်ပျူတာ လေ့ကျင့်သင်တန်းဌာနများ တည်ထောင်ခြင်း<br>★ USC ၏ ICT Guidelines & Roadmap ရေးဆွဲခြင်း<br>★ IT ဌာန (သို့မဟုတ်) IT Team များ တိုးချဲ့ဖွဲ့စည်းခြင်း<br>★ ဥပဒေအထောက်အကူပေးမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့နေ၊ ရှေ့ရပ်များ၏အချက်အလက်များကို စုဆောင်းခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင်အသစ်လဲလှယ်ခြင်းတို့အား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် Software and Database များရေးဆွဲခြင်းနှင့် အဆင့်မြှင့်တင်ခြင်း<br>★ မှတ်ပုံတင်ထားသော ရှေ့နေ/ရှေ့ရပ်များ၏ အချက်အလက်များ စုဆောင်းခြင်း၊ ဒစ်ဂျစ်တယ်စနစ်ပြုစုခြင်းနှင့် ပေါင်းစည်းခြင်းတို့ကို Database စနစ်တွင် ထည့်သွင်းနိုင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီး (၂) ခုတွင် ရှေ့ပြေးစနစ်ကျင့်သုံးဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | BLDP+<br>IT&PRDP+<br>All Courts<br>(IPs)<br><br>MJ ($2^{nd}$ Quarter) | အချိန်မီပြီးစီးမှု |

မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာ လွှတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၃.၃ တရားစီရင်ရေးအတွက် ထိရောက် အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ မြှင့်တင်ပေးရန် | ၃.၃.၂ နည်းပညာသုံး မှုခင်း စီမံခန့်ခွဲမှုစနစ် (ACMS) စတင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း | ★ ACMS ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ အခြား နည်းပညာ သုံးစနစ်များနှင့် ပေါင်းစည်းချိတ်ဆက်သည့် အစီအစဉ် အကောင်အထည်ဖော်ရန် နည်းပညာအကူအညီများပေးခြင်း<br>★ CMS နှင့် CIS စနစ်တို့ကို အဆင့်မြှင့်တင်ခြင်း<br>★ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရှိ CMS နှင့် CIS စနစ်တို့ကို ချိတ်ဆက်ခြင်း<br>★ တရားရုံးအားလုံးတွင် User-friendly IT System အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်ခြင်း<br>★ USC ရှိ ဌာနအားလုံး၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် အစီရင်ခံစာပုံစံများ ပြုစုနိုင်ရန် Software System တစ်ရပ် ထူထောင်ခြင်း<br>★ USC နှင့် မန္တလေးရှိ တရားရုံးများမှ CIS Administrator များနှင့် User များအား သင်တန်းပေးခြင်း<br>★ တရားရုံးအဆင့်ဆင့်မှ သတင်းအချက်အလက်များ ရယူသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | IT&PRDP+ CrJDP+ CJDP+ WDP+ All Courts PRLM ($2^{nd}$ Quarter) UNDP($1^{st}$ / $2^{nd}$ Quarter) | အချိန်မီပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၃ - တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၃.၃ တရားစီရင်ရေးအတွက် ထိရောက် အကျိုးရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ မြှင့်တင်ပေးရန်** | ၃.၃.၃ တရားရုံးအရာထမ်း၊ အမှုထမ်းများအတွက် စီမံခန့်ခွဲမှုနှင့် နည်းပညာစွမ်းရည်ဆိုင်ရာ သင်တန်းများ ဆက်လက်ပေးခြင်း | ★ ကွန်ပြူတာ/ နည်းပညာနှင့်ဆိုင်သည့် Syllabus, Curriculum and Timetable များအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲခြင်းနှင့် ယင်းအတိုင်း သင်တန်းပို့ချခြင်း<br>★ ACMS Manager နှင့် Help-desk တာဝန်ရှိသူများအား ACMS Software နှင့်ပတ်သက်သည့် သင်တန်းများ ပေးခြင်း | ဦးစားပေး အဆင့် ၁ | USC All Depts.+ All Courts+ PRLM (2nd Quarter) | သင်တန်းပို့ချပြီး အရေအတွက် |
| | ၃.၃.၄ လူ့စွမ်းအား အရင်းအမြစ်များကို ထိရောက်စွာ ခွဲဝေချထားနိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာ လမ်းညွှန်ချက်များ မြှင့်တင်ခြင်း | ★ တရားရုံးအဆင့်သတ်မှတ်ချက်၊ တရားရုံးဖွဲ့စည်းပုံနှင့်အညီ တရားရေးအရာရှိများ ခန့်အပ်နိုင်ရေး ဆောင်ရွက်ခြင်း<br>★ တရားရုံးလုပ်ငန်းပမာဏနှင့် တရားရုံးဝန်ထမ်း အချိုးညီစွာ ခန့်အပ်နိုင်ရေးဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၂ | ADP+ HCs+ (IPs) | ခန့်ထားပြီးစီးမှု အရေအတွက် |

မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၁ တရားသူကြီးများ၊ တရားရုံး ဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့်ပညာရပ် ဆိုင်ရာတိုးတက်မှု မြင့်မားစေရန်** | ၄.၁.၁ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုးကူညီခြင်း | ❖ မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေး ကျင့်ဝတ်အပေါ် ရှင်းလင်းချက်အပြီးရေးသားခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း<br>❖ USC မှ နည်းပြများကို မွမ်းမံသင်တန်းပေးခြင်းနှင့် ၎င်းတို့မှ Pilot Training အဖြစ် ပြန်လည်ပို့ချခြင်း၊ နိုင်ငံတကာကျွမ်းကျင်သူများမှ နည်းပညာအထောက်အပံ့ များပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ တိုးမြှင့် ထောက်ပံ့ခြင်း<br>❖ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်နှင့် တာဝန်ခံမှုဆိုင်ရာ လေ့ကျင့်သင်ကြားရေး အလုပ်ရုံ ဆွေးနွေးပွဲများ ဒေသအလိုက် ကျင်းပပေးခြင်း၊ သင်ကြားရေးအစီအစဉ်များရေးဆွဲခြင်း<br>❖ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင့်ဝတ်ဆိုင်ရာ သင်တန်းနည်းပြများအား ဆင့်ပွားသင်တန်းများ ပို့ချ နိုင်ရေးအတွက် ပြည်ထောင်စုတွင် ဆွေးနွေးပွဲတစ်ကြိမ် ကျင်းပခြင်း<br>❖ တရားသူကြီးများအတွက် ကျင့်ဝတ်ဆိုင်ရာ လေ့ကျင့် သင်ကြားရေး စာတမ်းများပြုစုခြင်း<br>❖ အနုညာတဖြန်ဖြေရေးနှင့် ပတ်သက်၍ အလုပ်ရုံ ဆွေးနွေးပွဲ (၂) ကြိမ် ကျင်းပခြင်း<br>❖ တိုင်ကြားစာယန္တရားနှင့်ပတ်သက်၍ တရားသူကြီးများ နှင့် တရားရုံးအရာရှိများအား အသိပညာပေးခြင်း | ဦးစားပေး အဆင့် ၁ | JEIC+ ADP+ TDP+ CRC+ CrJDP+ CJDP DP (Ongoing) DP (1st Quarter)<br>DP (Ongoing)<br>DP (2nd /3rd Quarter)<br>DP (Ongoing)<br>DP (3rd Quarter)<br>UNODC (2nd/3rd Quarter) | အချိန်မီပြီးစီးမှု+ စာတမ်းများပြုစုနိုင်မှု + သင်တန်း အရေအတွက် |

မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၁ တရားသူကြီးများ၊ တရားရုံး ဝန်ထမ်းများ၏ ကျင့်ဝတ်ပိုင်းနှင့်ပညာရပ် ဆိုင်ရာတိုးတက်မှု မြင့်မားစေရန်** | ၄.၁.၂ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် ပံ့ပိုး ကူညီခြင်း | ❖ တရားသူကြီးများ၏ ပညာရပ်ပိုင်းဆိုင်ရာတိုးတက်ဖွံ့ဖြိုး မှုအတွက် အမေရိကန်ပြည်ထောင်စုသို့ လေ့လာရေးခရီး များ စုစည်းသွားရောက်ခြင်း<br>❖ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန် ချက်များ ပေါ်ပေါက်စေရန် နည်းပညာ အထောက်အပံ့များ ပေးခြင်း<br>❖ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအတွက် ပညာရပ် ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန်ချက်များ ရေးဆွဲနိုင်ရန် ကူညီထောက်ပံ့ခြင်း<br>❖ တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများအတွက် ပညာရပ်ကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန်ချက်များ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် သင်တန်း များပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP+ADP+ PRLM (2nd/ 3rd Quart.)<br>PRLM (1st Quart.)<br>PRLM (3rd Quart.)<br>PRLM (3rd Quart.) | အချိန်မီပြီးစီးမှု |

**မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်**

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ မြင့်မားစေရေး ဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၁ တရားရုံးစာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းအပါအဝင် ဥပဒေရေးရာ သုတေသနစွမ်းရည်များ တိုးတက်စေရန် ဆောင်ရွက်ခြင်း | ❖ USC တွင် သုတေသနစင်တာတစ်ခု တည်ထောင်ခြင်း<br>❖ သုတေသနအဖွဲ့အား အကြံပေးပညာရှင်မှ သုတေသနလုပ်ငန်းများအတွက် ဆက်လက်ပံ့ပိုးခြင်း<br>❖ သုတေသနအဖွဲ့၏ အသုံးချဥပဒေဆိုင်ရာ သုတေသနလုပ်ငန်း စွမ်းရည် တိုးတက်စေရေးအတွက် (၂) ရက်တာအစည်းအဝေး နှစ်ကြိမ် ကျင်းပပေးခြင်း<br>❖ သုတေသနအဖွဲ့ဝင်များမှ ကွင်းဆင်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် National Consultant မှ ပံ့ပိုးကူညီပေးခြင်း<br>❖ သုတေသနအဖွဲ့အား သုတေသနစာတမ်းရေးသားခြင်းနှင့် ပတ်သက်၍ (၃- ရက်သင်တန်း ၃-ကြိမ်) လေ့ကျင့်သင်တန်းပေးခြင်း<br>❖ သတ်မှတ်ထားသည့် အမှုအမျိုးအစားအလိုက် အချက်အလက်များ ကောက်ယူ၍ စိစစ်နိုင်ရန် Online စနစ်တစ်ခု ထူထောင်ခြင်းနှင့် Database System ရေရှည်အောင်မြင်အောင် ဆောင်ရွက်ခြင်း<br>❖ သုတေသနလုပ်ငန်းနှင့် စပ်ဆိုင်သည့် Online Journals and Databases များကို Lexis-Nexis အသုံးချ၍ ရယူခြင်းအပြင် ပိုမိုကျယ်ပြန့်စွာ ရရှိစေရန် ဆောင်ရွက်ခြင်း<br>❖ Online Database များကို ရယူသုံးစွဲ၍ ဥပဒေအရင်းအမြစ် စွမ်းရည်တိုးတက်စေရန် အဆင့်မြှင့်တင်ခြင်း<br>❖ USC အတွက် အီလက်ထရောနစ် စာကြည့်တိုက်လုပ်ငန်း စီမံချက်နှင့် စနစ်စတင်ဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP+<br>IT&PRDP<br>DP (Ongoing)<br><br>DP (1st/3rd Quart.)<br><br>DP (1st/2nd Quart.)<br><br>DP (Ongoing) | သုတေသန ဆောင်ရွက်မှု +<br>စာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ မြင့်မားစေရေး ဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၂ တရားစီရင်ရေးဆောင်ရွက်မှုနှင့် တာဝန်ခံယူနိုင်မှု တိုးတက်ကောင်းမွန်ရေး အထောက်အကူ ဖြစ်စေရန် အချက်အလက်ကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း | ❖ တရားရုံးများ၏ မှုခင်းပမာဏနှင့် အရင်းအမြစ်များဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့် လေ့လာဆန်းစစ်ခြင်း<br>❖ ကလေးသူငယ်ပါဝင်သည့် မှုခင်းဆိုင်ရာအညွှန်းကိန်းများစာရင်း ပြုစုရာတွင် ဆက်လက်ကူညီပေးခြင်း<br>❖ ကလေးသူငယ်များနှင့် ဆက်နွယ်သည့် သတင်းအချက်အလက်များ ရေးသွင်းခြင်းနှင့် ခွဲခြားစိစစ်ခြင်းအတွက် CMS ကို အောင်မြင်အောင် ဆောင်ရွက်ရေးတွင် USC အပါအဝင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP+<br>IT&PRDP+<br>CART+<br>UNICEF-WG<br>UNICEF | အစီရင်ခံစာ အရေအတွက် |
| | ၄.၂.၃ တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် သီးသန့်သင်တန်းများ ပေးခြင်း | ❖ တရားသူကြီးများအတွက် ပုံမှန်သင်တန်းပေးခြင်း<br>❖ တရားသူကြီးများအတွက် သက်သေခံချက် အမျိုးအစားအသစ်များကို ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့်ဆိုင်သည့် သင်တန်းများပေးခြင်း<br>❖ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများဆိုင်ရာ သင်ရိုးညွှန်းတမ်းစာအုပ်များနှင့် လုပ်ထုံးလုပ်နည်းမူကြမ်းများပြုစုရေးသားခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း<br>❖ Working Group များ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် မူတည်၍ IP အခွင့်အရေးနှင့်ဆိုင်သည့် မှုခင်းများ၊ စီးပွားရေးဆိုင်ရာ မှုခင်းများတွင် တရားသူကြီးများအား သင်တန်းပေးခြင်း<br>❖ Working Group များ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် မူတည်၍ တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးကိစ္စများတွင် တရားသူကြီးများအား သင်တန်းပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP+<br>CrJDP+<br>CJDP+ HCs+<br>WG III<br>JICA | သင်တန်း အရေအတွက်<br>+<br>သင်တန်း တက်ရောက်သူများ၏ အကဲဖြတ် သုံးသပ်ချက်<br>+<br>အချိန်မီပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ မြင့်မားစေရေး ဆက်လက် ဆောင်ရွက်ရန်** | ၄.၂.၃ တရားသူကြီးများ အတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် သီးသန့်သင်တန်းများ ပေးခြင်း | ❖ IP , Commercial , Mediation ကိစ္စများအတွက် လိုအပ်ပါက သင်ရိုးညွှန်းတမ်းရေးဆွဲရန်နှင့် TOT သင်တန်း ပေးရန် တိုင်ပင်ခြင်း<br>❖ တရားစီရင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအတွက် ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခြင်း<br>❖ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဒေသဆိုင်ရာများမှ တရားရေးအရာရှိများအတွက် ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သည့် သင်တန်းများကို ဆက်လက်ပံ့ပိုးကူညီခြင်း<br>❖ အနာဂတ်လေ့ကျင့်ရေးအစီအစဉ်များကို စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းဆရာများအား လေ့ကျင့်ပေးခြင်း<br>❖ သင်တန်းနှင့်ဆိုင်သည့် အုပ်စုလိုက်ဆွေးနွေးမှုများလုပ်ဆောင်ပြီး ပါဝင်သူများထံမှ သင်တန်းလိုအပ်ချက်များနှင့်ပတ်သက်၍ အကြံဉာဏ်များ ရယူခြင်း<br>❖ တရားသူကြီးနှင့် တရားရုံးအရာရှိများအတွက် ပညာရပ်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် လေ့ကျင့်ဌာန၊ FCA တို့နှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း<br>❖ ကောင်းမွန်ပြည့်စုံသော တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် အချက်အလက်ဆန်းစစ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | ဦးစားပေး အဆင့် ၁ | TDP+<br>CrJDP+<br>CJDP+ HCs+<br>WG III<br>JICA<br><br>UNDP (3rd/ 4th Quarter) | သင်တန်း အရေအတွက်<br>+<br>သင်တန်း တက်ရောက်သူများ ၏ အကဲဖြတ် သုံးသပ်ချက်<br>+<br>အချိန်မီပြီးစီးမှု |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများ မြင့်မားစေရေး ဆက်လက်ဆောင်ရွက်ရန်** | ၄.၂.၃ တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေရန် သီးသန့်သင်တန်းများ ပေးခြင်း | ❖ ကလေးသူငယ်ထိခိုက်နစ်နာသူများနှင့် သက်သေများအတွက် သင်တန်းလက်စွဲ အပြီးရေးသားခြင်း<br>❖ လေ့ကျင့်ပေးထားသော သင်တန်းဆရာများဖြင့် လေ့ကျင့်ရေး ယန္တရားများကို အသုံးပြု၍ သင်တန်းပို့ချမှုကို တစ်နိုင်ငံလုံးသို့ ဖြန့်ကျက်ဆောင်ရွက်ခြင်း<br>❖ ရာဇဝတ်မှုဖြင့် စွပ်စွဲခံရသူ ကလေးသူငယ်များနှင့်ပတ်သက်၍ သင်တန်းလက်စွဲမူကြမ်းရေးဆွဲခြင်းနှင့် သင်တန်းဆရာများ၊ တရားသူကြီးများအား လေ့ကျင့်ပေးခြင်း<br>❖ ကုမ္ပဏီများဥပဒေ၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအတွက် သင်ရိုးစာအုပ်များပြုစုခြင်းနှင့် သင်တန်းများပေးခြင်း<br>❖ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲရာတွင် ပါဝင်ခြင်း<br>❖ ငွေကြေးခဝါချမှုနှင့် ငွေကြေးဆိုင်ရာ အကြမ်းဖက်မှုများ အတွက် သင်တန်းများပေးခြင်း<br>❖ ပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အဂတိမှုများ အတွက် သင်တန်းများပေးခြင်း<br>❖ အမျိုးသမီးအကြမ်းဖက်မှုများအတွက် သင်ရိုးရေးဆွဲခြင်းနှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများအား သင်တန်းပေးခြင်း<br>❖ စင်ကာပူဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တရားသူကြီးများအား တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းများပေးခြင်း | ဦးစားပေး အဆင့် ၁ | UNICEF<br><br>ADB<br><br>UNODC (3rd Quarter)<br><br>Min-Law | သင်တန်း အရေအတွက်<br>+<br>သင်တန်း တက်ရောက်သူများ၏ အကဲဖြတ် သုံးသပ်ချက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၂ တရားရုံးအရာထမ်း၊ အမှုထမ်းများ၏ တရားစီရင်ရေးနှင့်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့်အရည်အသွေးများမြင့်မားစေရေး ဆက်လက် ဆောင်ရွက်ရန်** | ၄.၂.၄. တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပြည့်ဝစေရန်နှင့် အများပြည်သူကျေနပ်မှု မြင့်မားစေရန်သင်တန်းများ ဆက်လက်ပေးခြင်း | ❖ တရားရုံးဝန်ထမ်းများအတွက် တည်ဆဲလေ့ကျင့်ရေး သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရေးအတွက် နည်းပညာဆိုင်ရာ လမ်းညွှန်မှုများပေးခြင်း<br>❖ ကျင့်ဝတ်ပိုင်းနှင့် စည်းကမ်းပိုင်းဆိုင်ရာ လမ်းညွှန်ချက်များအတွက် လေ့ကျင့်သင်ကြားပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP+CrJDP+ CJDP+ ADP+ JICA PRLM (1st Quart.) | အချိန်မီပြီးစီးမှု<br>+<br>သင်တန်း အရေအတွက် |
| | ၄.၂.၅ တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်း | ❖ ဖွံ့ဖြိုးတိုးတက်လာသည့် ပညာရပ်ဆိုင်ရာနယ်ပယ်များ (CMP, IT, Mediation, စသည်) တို့ကို တရားရေး သင်တန်းကျောင်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားပေးခြင်း<br>❖ တရားသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း<br>❖ တရားရုံးဝန်ထမ်းများ၏ ပညာရပ်ဆိုင်ရာအရည်အသွေး တိုးတက်စေရန် လေ့ကျင့်သင်ကြားပေးခြင်း | ဦးစားပေး အဆင့် ၂ | TDP+ HCs+ (IPs) | သင်တန်း အရေအတွက် |

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၄ - တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာ အစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၄.၃ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေး ဆောင်ရွက်ပေးရန်** | ၄.၃.၁ တရားရုံးဘေးကင်း လုံခြုံမှုနှင့်စပ်လျဉ်း၍ လက်ရှိ အနေအထားအပေါ် လေ့လာ ဆန်းစစ်ခြင်းနှင့် အကြံပြုခြင်း | ❖ ဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်း၍ လက်ရှိအနေအထား အပေါ် အကဲဖြတ်ခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP, ADP, BLDP+ (IPs) | အချိန်မီပြီးစီးမှု |
| | ၄.၃.၂. တရားရုံးများ၏ ဘေးကင်းလုံခြုံမှုတိုးတက် စေခြင်း | ❖ တရားရုံးများ၏ ဘေးကင်းလုံခြုံမှု တိုးတက်စေရန် တရားမျှတမှုကဏ္ဍမှ အကျိုးသက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း<br>❖ တရားရုံးများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် တရားစီရင်ရေးကဏ္ဍမှ အဖွဲ့အစည်းများအကြား စားပွဲဝိုင်းဆွေးနွေးပွဲများ ကျင်းပပေးခြင်း<br>❖ တရားရုံးများဘေးကင်းလုံခြုံမှုအတွက် နှိုင်းယှဉ်ပြုစု ထားသော စာတမ်းများကို ဖြန့်ဝေခြင်း | ဦးစားပေး အဆင့် ၁ | USC, HCs, Justice Sector Stakeholders PRLM ($2^{nd}$ Quart)<br><br>PRLM ($3^{rd}$ Quart) | အဆင့်အလိုက် ဆောင်ရွက်နိုင်မှု၊ ဆွေးနွေးပွဲများ ကျင်းပနိုင်မှု နှင့် စာတမ်းများ ပြုစုဖြန့်ဝေနိုင်မှု |
| | ၄.၃.၃. လုံလောက်သည့် ဝန်ထမ်း အိမ်ရာများ ပံ့ပိုးပေးခြင်း | ❖ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တရားသူကြီးများ နှင့် ဝန်ထမ်းများအတွက် အိမ်ရာသစ်များ ဆောက်လုပ်ခြင်း | ဦးစားပေး အဆင့် ၁ | BLDP, HCs | ဆောက်လုပ်ပြီး အရေအတွက် |
| **မဟာဗျူဟာရည်မှန်းချက် ၄.၄ တရားရေးသင်တန်း ကျောင်းအသစ်တည်ထောင်ရန်** | ၄.၄.၁ တရားရေးသင်တန်း ကျောင်းပုံစံထုတ်ခြင်း၊ ဘဏ္ဍာ ငွေရှာဖွေခြင်း၊ တည်ဆောက် ခြင်းအတွက် ရေရှည်စီမံကိန်း တစ်ရပ်ရေးဆွဲခြင်း | ❖ တရားရေးသင်တန်းကျောင်းအတွက် မဟာဗျူဟာ အစီအစဉ်ချမှတ်ရာတွင် ပါဝင်ကူညီခြင်း | ဦးစားပေး အဆင့် ၂ | TDP+ BLDP+ PRLM ($1^{st}/2^{nd}$ Quart) | တရားရေးသင်တန်း ကျောင်း အကောင် အထည်ဖော်နိုင်မှု |

မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၅ - ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| မဟာဗျူဟာရည်မှန်းချက် ၅.၁ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် (CMP) တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် | ၅.၁.၁ နိုင်ငံတစ်ဝန်း တရားရုံးများတွင် ရေးဆွဲထားသော CMP ကို သုံးနှစ်အတွင်း အဆင့်လိုက် အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်ခြင်း | ♠ နိုင်ငံတစ်ဝန်း တရားရုံးများတွင် သတ်မှတ်ကာလအတွင်း CMP ကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခြင်း<br>♠ NCMP အတွက် အချက်အလက်ကောက်ယူသည့်နည်းစနစ်ကို ပြန်လည်သုံးသပ်၍ တိုးတက်အောင် ဆောင်ရွက်ခြင်း အပါအဝင် CMP တရားရုံးများ အောင်မြင်စေရန် ဆက်လက်၍ ပံ့ပိုးမှုများပေးခြင်း<br>♠ NCMP တရားရုံးများက မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်၍ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ခြင်း<br>♠ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအတွက် ဆက်လက်ဆောင်ရွက်မည့် CMP လေ့ကျင့်ရေးအစီအစဉ်များကို ပံ့ပိုးကူညီခြင်း<br>♠ CMP ၏ လိုအပ်ချက်တစ်ရပ်ဖြစ်သည့် ACMS စနစ် တိုးချဲ့ရေး အကောင်အထည်ဖော်မှုအစီအစဉ်အတွက် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာအကူအညီများပေးခြင်း<br>♠ CMP အရ သတ်မှတ်ထားသည့် တရားရုံးတည်ရာဒေသများတွင် အများပြည်သူနှင့် အဓိကအကျိုးသက်ဆိုင်သူများကို မှုခင်းစီမံခန့်ခွဲမှုသဘောတရားများ အသိပေးခြင်း | ဦးစားပေး အဆင့် ၁ | SPIC+ CMC+ LPDP+ TDP+ IT&PRDP+ All Courts PRLM (1st Quarter onward) | နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော် ပြီးစီးမှု |
| | ၅.၁.၂ CMP နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားသည့် အစီအစဉ် ဆောင်ရွက်ခြင်း | ♠ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများ ဆက်လက်ပေးခြင်း<br>♠ မှုခင်းစီမံခန့်ခွဲမှုအတွက် သင်တန်းဆရာအသစ်များနှင့် ဒေသဆိုင်ရာညှိနှိုင်းရေးမှူးများကို ရွေးချယ်လေ့ကျင့်ပေးခြင်း | ဦးစားပေး အဆင့် ၁ | TDP+ CMC+ HCs PRLM | နိုင်ငံတစ်ဝန်းမှုခင်း စီမံခန့်ခွဲမှု အစီအစဉ် အကောင်အထည်ဖော် ပြီးစီးမှု |

မဟာဗျူဟာ လုပ်ငန်းနယ်ပယ် ၅ - ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

| မဟာဗျူဟာ ရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဆောင်ရွက်ချက်များ | ဦးစားပေး အဆင့် | တာဝန်ရှိသူများ | ရလဒ် တိုင်းတာချက် |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၅.၂ တရားရုံးက ဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက်နယ်ပယ်များ သတ်မှတ်ခြင်း** | ၅.၂.၁ တရားရုံးက ဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်အတွက် နယ်ပယ်များ သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ♠ အသိဉာဏ်ပစ္စည်း၊ တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းခြင်း စသည့် တရားရုံးကဆောင်ရွက်မည့် အထူးမှုခင်းကိစ္စရပ်များအတွက် လက်တွေ့ကျသည့် နည်းလမ်းများနှင့် စံပုံစံများကို လေ့လာဆန်းစစ်ခြင်း<br>♠ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးများထူထောင်ရာတွင် နည်းပညာအကူအညီပေးခြင်း | ဦးစားပေး အဆင့် ၁ | IR&RDP+ LPDP+ CrJDP+ CJDP+ JICA<br><br>PRLM(3rdQuart.) | နယ်ပယ်အလိုက် အကောင်အထည် ဖော်နိုင်မှု |
| **မဟာဗျူဟာရည်မှန်းချက် ၅.၃ တရားရုံးက အငြင်းပွားမှုများကို ထိရောက် မြန်ဆန်စွာ ဖြေရှင်းပေးသောစနစ်များကို သတ်မှတ် ဆောင်ရွက်ရန်** | ၅.၃.၁ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တရားရုံးများတွင် စတင်ဆောင်ရွက်ခြင်း | ♠ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ရှေ့ပြေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် တိုးတက်မှုကို အကဲဖြတ်ခြင်း<br>♠ တရားရုံးများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအတွက် ဒီဇိုင်းရေးဆွဲခြင်း<br>♠ စေ့စပ်ဖြေရှင်းသူများအား သင်တန်းများပေးခြင်း<br>♠ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း<br>♠ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာများကို အများပြည်သူသို့ ဖြန့်ဝေခြင်း | ဦးစားပေး အဆင့် ၁ | WG IV+ JICA | အကောင်အထည်ဖော် နိုင်မှုအဆင့် |

# အတိုကောက်အခေါ်အဝေါ်များ

| | |
|---|---|
| ACMS | နည်းပညာသုံးမှုခင်းစီမံခန့်ခွဲမှုစနစ် |
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| ADP | စီမံရေးရာဌာန |
| AJP | အာဆီယံတရားရေးအင်တာနက်အထူးစာမျက်နှာ |
| ASEAN Js | အရှေ့တောင်အာရှနိုင်ငံများ၏ တရားရေးအဖွဲ့အစည်းများ |
| BLDP | ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန |
| CACJ | အာဆီယံတရားသူကြီးချုပ်များကောင်စီ |
| CART | တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့ |
| CDR | တရားရုံးကအငြင်းပွားမှုများကိုဖြေရှင်းပေးခြင်း |
| CIO | တရားရုံးသတင်းပြန်ကြားရေးအရာရှိ |
| CIS | မှုခင်းသတင်းအချက်အလက်စနစ် |
| CJDP | တရားမတရားစီရင်ရေးဌာန |
| CrJDP | ပြစ်မှုတရားစီရင်ရေးဌာန |
| CMC | မှုခင်းစီမံခန့်ခွဲမှုကော်မတီ |
| CMP | မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် |
| CMS | မှုခင်းစီမံခန့်ခွဲမှုစနစ် |

| | |
|---|---|
| CRC | တိုင်ကြားစာစိစစ်ရေးကော်မတီ |
| CSOs | အရပ်ဖက်လူမှုအဖွဲ့အစည်းများ |
| DCs | ခရိုင်တရားရုံးများ |
| DP | ဒိန်းမတ်-မြန်မာတရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး အစီအစဉ် |
| DPWG | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်အပေါ် ကူညီဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| ECWG | တရားစီရင်ရေးဆိုင်ရာကျင့်ဝတ် ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့ |
| FCA | ဩစတြေးလျဖက်ဒရယ်တရားရုံး |
| HCs | တရားလွှတ်တော်များ |
| ICJ | အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့ |
| IDEA | ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာပံ့ပိုးရေးနိုင်ငံတကာအဖွဲ့ အစည်း |
| IDLO | အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဥပဒေအဖွဲ့ |
| IJIs | အပြည်ပြည်ဆိုင်ရာတရားရေးအဖွဲ့အစည်းများ |
| ILDC | လူမွဲခံယူခြင်းဆိုင်ရာဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ |
| ILWG | လူမွဲခံယူခြင်းဆိုင်ရာဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့ |
| IPs | အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ |

# အတိုကောက်အခေါ်အဝေါ်များ

| | |
|---|---|
| IR&RDP | အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့်သုတေသနဌာန |
| IT | သတင်းအချက်အလက်နည်းပညာ |
| IT & PRDP | သတင်းအချက်အလက်နည်းပညာနှင့်ပြည်သူ့ဆက်ဆံရေးဌာန |
| JEIC | တရားစီရင်ရေးကျင့်ဝတ် လိုက်နာအကောင်အထည်ဖော်ရေးကော်မတီ |
| JERC | တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်ပြန်လည်သုံးသပ်ရေးကော်မတီ |
| JICA | ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| LAWG | ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| LPDP | ဥပဒေလုပ်ထုံးလုပ်နည်းဌာန |
| MJ | My Justice အစီအစဉ် |
| Min Law | ဥပဒေရေးရာဝန်ကြီးဌာန ၊ စင်္ကာပူနိုင်ငံ |
| OUSC | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| PDWG | အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ |
| PIO | သတင်းပြန်ကြားရေးအရာရှိ |
| PRLM | အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေး၊ မြန်မာ |
| SPIC | မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ |
| TCs | မြို့နယ်တရားရုံးများ |
| TDP | လေ့ကျင့်ဌာန |

| | |
|---|---|
| ULAB | ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| UNICEF | ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ |
| UNICEFWG | ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ယူနီဆက်ဖ်( မြန်မာ) တို့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| UNODC | ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး |
| UNODCWG | ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC) တို့အကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ |
| USAID | အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ |
| USC | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| WDP | စာချွန်တော်ဌာန |
| WGs | လုပ်ငန်းအဖွဲ့များ |
| WG I | ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက်အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG II | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ပေးခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG III | အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG IV | တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့ |
| WG V | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဥပဒေများ လုပ်ငန်းအဖွဲ့ |



THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT OF THE UNION

# အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့



www.unionsupremecourt.gov.mm

Layout & Design : IT & PR Department